# ကာတွန်း တင်အောင်နီ

လစဉ်

## ကျုပ်ရည်းစားနဲ့ ညားအောင်စောင့်ဦးကွယ်



ကာတွန်း

# တင်အောင်နီ

## ကျွပ်ရည်းစားနဲ့ ညားအောင်တော့ဘိုးကွယ်







[illegible]

စာပေ



ဂျစ်တူးမစာပေ

အမှတ် ၂၁၀၊ ၂၇ လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၇၁၄၃၅

# [illegible] ကာတွန်း [illegible] လစဉ်

# ကျုပ်ရည်းစားနဲ့ ညားအောင်စောင့်ဦးကွယ်

ထုတ်ဝေသူ ● ဦးတင်အောင် ( ၃၄၂၀ )
တင်အောင်မီ စာပေ၊ ၁၉၀၊ အညာစုလမ်း၊
ကမ္ဘာအေး၊ ရန်ကုန်မြို့

ပုံနှိပ်သူ ● ဒေါ်စမ်းစမ်းကြည် (၀၃၇၇၇)
ဂျစ်တူးမ ပုံနှိပ်တိုက်
၃၆၃ ● ဗိုလ်ဆွန်ပက်လမ်း

မျက်နှာဖုံးရိုက် ● ဦးမောင်လှိုင် ● ၀၃၈၅၄ ●
လှိုင်အော့ဖ်ဆက်
၁၃၄၊ ဆမ်းငှာ၊ ရန်ကုန်မြို့
ဒုတိယအကြိမ် ● ၁၉၉၂ ● နိုဝင်ဘာ
အုပ်ရေ ● ၅၀၀
တန်ဖိုး ● ၃၂ ကျပ်
စာမူခွင့်ပြုအမှတ် ● ၉၁၈ / ၉၂ /၁၀
အဖုံးခွင့်ပြုချက် ● ၁၀၃၈ / ၉၂ / ၁၂

ဂျစ်တူးမစာပေ၏

အစီအစဉ်

■ စုံကန္တာနေပူကြီးဘယ်ထီးမှလောင်မပေါ်

■ ကျုပ်ရည်းစားနဲ့ညားအောင်ဆောင့်အုံးကွယ်

■ လွမ်းတော်မူဖို့ စာကိုစီတယ် ...

စိုးစိုး၊ တိုးမ ၊ မြတ်ဝင်းမွန် နှင့်
ကိုပြာလောင် တို့၏
အမှတ်တရ အဖြစ်များ •••
သို့မဟုတ် ...

[illegible]

[illegible]

အစီအစဉ်

▫ တိမ်ဦးလေပြေ လောင့်ကိုဓေ

▫ အာကာကို လျှာပုံပြုပ်လို့

▫ ဂျိုကာ ပြောလောင်

▫ ဇာတ်ထဲက မြကိုကို

ဇာတ်လမ်းများကို ဆက်လက်တင်ဆက်ပါမည်

ကာတွန်း [illegible]

ကိုပြောလောင်ပါဝင်သော....

စဉ်းစားပြီး မှလှမ်းပါ --

ဆိုက်ကြီး၊၁၀၊ဖေါင်၊ အသစ်စက်စက်

# အမှာစာ

ရွှင်ရွှင်ပြသော နှစ်ပေါင်း၄၀ကျော်က ယော်စင်ဘာသာ အမြန်စာပျက်
များကို ကျွန်တော် မမှတ်မိချင်တော့ အဆိုး အဆိုးသော
အကြောင်းတို့မှာ ဝေဝါးလျက် မသိကျွံတတ်ချင်တော့။
သို့သော် ယခုပေါင်းကြီးဖော်များနှင့် ကြုံဆုံတတ်သည့်
အခါ ထိုအကြောင်းတို့သည် ပြန်ပေါ်လာတတ်၏
အဆို့က ပြတ်သလို ရှိ၏။ အဆို့က မမှန် ရှုမှားတော
မှုမည်။ အဆို့ကိုတော့ ကျွန်တော်လုံးဝ မမှတ်မိ။
"ကိုကောင်ကြီးပေါ့ ယယယခုန်းက ဆိုင်က ကားသစ်ကြီးကို
ကျောက်တုံးနဲ့ ပစ်ခွဲခဲ့သွားတာ" ဟု ပြောလာလျှင်



ဟုတ်သလို ရှိမည်။ ယခင်က
ကျွန်တော်သည် တွေ့ကရာနေရာ၌
ပုံဆွဲတတ်သည်။ "မင်းရယ် ငါရယ်
သန်းဆေးရယ် ပိုးသစ်ချောင်းရယ်
ကျောက်မြေ လမ်းကြားမှာ ဂေါ်လီပါတွန်း
ကစား..." ဟု ပြောလာလျှင်
ကျွန်တော့ သူငယ်ချင်းများ သူပြောသလို ဖြစ်ခဲ့ပေမယ့်
ကျွန်တော့်ကို ဆွဲသည်ဆိုတာတော့ မှန်မည်မဟုတ်ပါ..
အကြောင်းမူ ပန့်ကာနီ မြည်တွိုင်း မြောင်းရေ
စစ်တောင်းရှေ့ ဖြိုးတော့ ကျွန်တော်သည်
ယခင်ကတတည်းက အထွန်ရှက်တတ်သည်
ယခုရယ်ရွှင်မင်းပဲသာ ဖြစ်နေသော ယခုသူငယ်ချင်း
က မင်းရှက်တတ်ရင် ရယ်ရွှင်ခြင်းသာ ဖြစ်မှာ
မဟုတ်ဘူး ပြောကာ ယခုတိုင် မှန်နေ၏



● ငါတို့ ငယ်ငယ်တုန်းက ကကျီးနားမှာပါး ရေပုံးထဲက ငါးတွေကို
သနားလို့ မြစ်ထဲကို လွှတ်ပေးခဲ့တာလေ။ ပြောစဉ်က လုံး၀
မမှတ်မိတော့လည်း ကောင်းမှုသိပ်ဝါသနာသူငယ်စဉ်ကလေး
ဖြစ်ခဲ့ပါကလားဟု တွေး၊ ကာ ယောင်ပြီး ပျော်မိသော်လည်း
ပိုင်ရှင်၏ ဝေဒနာမို့ သံကြို တွေးမိတော့ အပေါင်းအသင်း
မကောင်းက နှုတ်ရောက်တတ်ကြောင်း ကောင်းမှန်းရောမို့ သည်ဘဲ့ရ၏



ကျောင်းနောက် ငယ်သူငယ်ချင်း
တစ်ယောက်က ငါတို့ငယ်ငယ်
တုန်းက အကြောင်းတွေ ရေး
ပါလား ဟဲဒီ ဘော်လယ်ထဲပါဖို့
အကြံပေးရာ ထိုစဉ်က ကောင်း
ရေးခဲ့ ကျွန်တော်သည်
တချိန်တည်းပြီး အားရမိကာ
ကလောင်ကို ဝမ်းနှင့် သာ
အလေးခံခဲ့ရပါ၏။



ဘာသာမိုဟိုနှင့် ကျွန်တော် ကာတွန်းရေးခဲ့တာ ၂၅နှစ်ပင် ကျော်လွန်ခဲ့ပြီ။ ထို ၂၅နှစ်တာ ကာလအတွင်း ကျွန်တော် ခင်ချို မင်းချို ကာတွန်းဇာတ်လမ်းတွဲ ဇာတ်လမ်းဆင်ကာ ရေးခဲ့သူ အပေါင်း၏ မေတ္တာကိုလည်း ခံခဲ့ရပါ၏။ ကျွန်တော်



အချစ်ဆုံးသော ကာတွန်းဆရာ ကတော်က များတို့အိမ်ကို ဒီရက်ကြီးကို ဖေါ်ဖေါ် မလောနဲ့ ပြောတာဆိုတာတွေ ကြည့်ပြီး ဇာတ်လမ်းဆင်ဆင် ရေးနေတာ များ သိပ်ရှက်တာပဲ ဟု... သူမယ်ချင်းက ဆိုဖူး၏။ မှတ်ချက်ရရ ဆိုရင်က ကျွန်တော်သည် ကိုပြာလေးကို ချော်ပြာလောင်ဟိန်း လုပ်လိုက် ဇော်ပြာဇောင်ဝမ်း လုပ်လိုက် ဘရူစ်လီပြာလောင် လုပ်လိုက်ဖြင့် ဇာတ်လမ်း ဆင်နေရာ ထိုမိတ်ဆွေက နောက်တစ်ခါ ပြာဂဇောင် ပြာစေဆောင်လုပ်မှာ ဟု နောက်ပြောရာ ကျွန်တော်က သူတို့ သားအဖြစ် ထိုအမှုကို ဇာတ်လမ်းဆင် ကာရေးလိုက် မိခြင်း ဖြစ်ပါသည်။




ကျွန်တော် မှတ်မိသရွေ့ ဟိုတစ်စ သည်တစ်စတွေ မဆုံး
မှတ်မိနေရာမှ စာအုပ်ပေါင်းများ ပြန်ဖတ်မိသည်။ ထိုအခါ
ကျွန်တော် မမှတ်မိတာတွေ ဇဝေဇဝါဖြစ်မိတာတွေ ပြန်ပေါ်
လာတော့သည်။ စာအုပ်ပေါင်းများက စကားထက်နိုင်မသည့်
ပြောသည်ဆိုလျှင် ကိုယ်ရေးတာ ကိုယ်ပြန်ဖတ်တိုင်း ယနေ့တိုင်
အားမရနိုင် အားမရဖြစ်ရသည်။ အချပ်- စာ- ဟာသ တစ်မျိုးခုကို
အားမရ။ ဇာတ်ကွက်ဟာသ ကရေးရတုန်းမှ ဖြုံ့ ကျော့် ပေါ်လာ
သည်ဟာသကို အသိပဓာန လိုက်ရာ အချပ်က မမိဘဲ ဖြစ်မည့် အချပ်
ရှုံးနိမ့်လွှမ်းတော့ စာမှာ ပျော့သွား၏။
မည်သို့ ဆိုစေ စာနာသည် တစ်မျိုး မဟုတ် တစ်မျိုးမှာတော့
တည်မှီနေမည်။ ထိုထိုသော စာနာတို့မြင့် အရေး
တည်နေသော်၊ ဟိုတုန်းက ကိုမြားအောင်နှင့် ယခု
ကိုမြားအောင်ကို ပရိသတ်များ အား မြန်လည်ဆန်းသစ်
တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။



နေပူကြီးထဲမှာ ထီးမပါသောသူငယ်တစ်ယောက်။
သူကတော့ မြသောင်။ ရုပ်အေး ရုပ်လေး ၊
နှစ်ရှည်ကို ထမ်းခေါက်ပါထဲ ထည့်၍ မာမြည်
ထက်ဖောက်နံလျှား ကုန်းတစ်တန် ရေတစ်တန်
ဖြတ်သန်းသွားကာ နှစ်ရှည်လများ ချစ်သူ
ပျောက်ကို ရှာဖွေနေသောလူတစ်ယောက်၊
သုံးနှစ်တာ ကာလကို ဖြတ်သန်းခဲ့ပြီးသော
အခါမှာမူ...
သူ့ မျှော်လင့်ချက်များမှာ တရည်ပျော်စ
ပြုနေလေပြီ




ကမ်းခြေသောင်စပ်ဝယ် မုဇသမီးရုပ်လေးကို တွဲလောင်း
ကိုင် ဂုင်း ပင်လယ်ထဲကို ငေးကြည့်နေသောသူက
ကိုပြာလောင်။ သူ့မျက်နှာက မှိုင်းဝေ ဇွဲဆိုင်း နေသည်။
၂


သူ့ဘဝဝယ် ချစ်သူဟောင်း တို့မှာမြစ် ကိုယ်ပွား
မြင်ဖူးနေခဲ့ရသော ကျွန်းတိုးကလေးမိန့် ဆိုသည့် ဓာရုပ်
ကလေးကို ပင်လယ်ထဲသို့ တစ်ခါတည်း လွှင့်ပစ်ခဲ့ရန်
သူ စိတ်ကူးနေမိသည်။



ချစ်သူ့ပျောက်ကို ရှာဖွေ ရင်း သည်နှစ်တာ ကာလများ
အတွင်း သူ ခံစားခဲ့ရသည့် ဒုက္ခများကား မနည်းတော့။
သည်တော့ သည်ဓာရုပ်ကလေးကို သူ့ဘဝမှ အပြီးတိုင်
ထုတ်ပယ်ပစ်ဖို့ လိုအပ်နေပေပြီ။



ကိုဖြာလောင်က လက်ကို တဖောလွှဲ၍ အချပ်ကလေးကို ပင်လယ်ထဲသို့ ဒွန်းပစ်လိုက်သည်။ သူ့ရင်ထဲမှ အသည်း နှလုံးကို ထုတ်ကာ ဒွန်းပစ်လိုက်ရသလို ရှိသည်။



အချပ်ကလေးမှာ ခပ်လှမ်းလှမ်း ပင်လယ်ထဲသို့ ကျသွားသည်။ သူ့ရင်ထဲမှာ ရုတ်တရက် ဟာလာ ဟင်းလင်း ဖြစ်သွား၏။ သောင်ခြေမှာပင် ရပ်ရင်း အချပ်ကလေး ကျသွားသော ပင်လယ်ကို ငေးကြည့်နေမိ သည်။




ပဟာ ကြာသည့်အခါ။ ကမ်းခြေကို ရိုက်ခတ်လာသော
လှိုင်းခေါင်း ဖြူဖြူတို့ အပေါ်မှာ ပေါ်လော မျောကာ
ပါလာသော အရုပ်ကလေး။ အရုပ်ကလေးသည်၊
ကမ်းခြေနှင့် တဖြည်းဖြည်း ပြန်လည် နီးကပ်လာသည်



ပြီးတော့ ကိုကြာဟောင် ဖက်တွယ်ထားသော
သောင်ခြေ ကိုကြာဟောင်၏ ခြေရင်းကို ပြန်လည်
ရောက်ရှိသည်။ လှိုင်းလုံးများက သူ့အရုပ်ကလေးကို
သူ့ထံ ပြန်ပို့လိုက်ခြင်း ဖြစ်သည်။



အခန်း ၂၀




ရန်ကုန်မြို့။ ကိုပြာသလောင် အချုပ်ကလေးကို
လက်မှ တွဲလောင်းကိုင် ရင်း လျှောက်လာနေသည်။
အချုပ်ကလေးကို ဆွဲလာရသည်ကို သူ့ရင်ထဲဝယ်
လေးလံလှသည် ထင်နေမိ၏။ အမှန်တော့ တိုးမြှင့်
ပတ်သက်ပြီး သူစိတ် သူ့အသည်းနှလုံးတို့ လေးလံ
နေခြင်းသာ ဖြစ်သည်။ သူ့ မျက်လုံးများက ဆက်ကျွမ်းရှမိ
ရှိ၊ အမှိုက်ပုံးတမ်းပုံကို လှမ်းမြင်လိုက်သည်။



၄


ဘဘေားလှည့်၍ အမှိုက်ပုံ ရှိရာသို့ ဦးထုပ်ကလေးကို လွှင့်ပစ်လိုက်သည်။ သည့်နောက်ခါတော့ သူသည်ဦးထုပ်ကလေးနှင့် သူ့ တာဝန် ကင်းကွာသွားပြီ ထင်မိ၏။
သို့သော် ဘယ်က ရောက်နေမှန်း မသိသော သူ့နောက်မှ ခွေးကလေးတစ်ကောင်မှာ သူ လွှင့်ပစ်လိုက်သော ဦးထုပ်ကလေး ရှိရာသို့ ပြေးသွားပြီး။


အမှိုက်ပုံမှ အရုပ်လေးကို ကိုက်ချီကာ သူ့ဆီကို
ယူလာ၏ (ဟင်း ဒီအရုပ်နဲ့ ငါ့ကို ရေစက်မဆုံးသေးလို့
တူပါတယ်ကွာ။ ကဲ ငါပဲ ယူထားတော့မယ်။ )
(မင်းကလဲ တော်တော် လိမ်မာတဲ့ အကောင် )
ကိုမြဲဟောင် ခွေးလေးဘေးမှာ ထိုင်ချ ပွတ်သပ်
ပေးနေစဉ် နောက်မှ ထွက်လာသော အသံကြောင့်
လန့်သွား၏။ (ဟေ့ ခွေးသူခိုး။ )

ကိုပြာလေးတင် လှည့်ကြည့်လိုက်တော့၊ ဆရာ့ခြစ်ဝမြှောက်ရှယ်
ချာတိတ်တ ခင်ဗျား ကျေးမွေးခွေး၊ ဦးမလှူမပြောင်းပါ။



(ခင်ဗျား ဖိုးတီး ယားတားမလည်ရှိနေတဲ့၊ ဒီသားတွေက
သွားမယ် ထွေလား)(မင်းခွေးကို ငါယူမိ ရပါဘူး ညီလေးရဲ့)



(ဆရာ၊ မိပေမယ့် ဆင်းသက်ချင်လဲ ပိုးကိုသတ်လိုက်ကြပြီးမှ တွေက မြန်မြန် လွတ်တာပေါ့ )ကိုမြလောင် စကားကြောင့် ချာတိတ်က ညာခြေကို ပြန်သိမ်းလိုက်သည်။




(နေပါဦး၊ ဆရာက ဘာတွေများ နာကျင်ဖြစ်နေလို့လဲ။)
(အစ်ကို စကြွာကတော့ ဘာလုပ်ပဲ ညီလေးရာ၊ ကျနော့ ရှိမယ်
နာကျင်တာလို့ ဆိုရမလားပဲ၊)(အင်း နားထောင်ရတာတင်




(ဗြီးပီကြာ လက်ချွေးစင် နဲ့ကွ နှမ်းလောက် တောရမယ်
ဘယ်မှာ ဗိုလ်ရမှန်းလဲ မသိဘူး။ ဘယ်မှာ စားရမှန်းလဲ
မသိဘူး။ ပါကွဲ ဗိုက်ဆံလဲ ကုန်ခဲပြီ။)(ဖြေးရင်းဆိုးရင်း
နွားကကမ်းဝိုးလာပြီခော်)(နဲ့ကွဲတာပါ ဆိုနေမှ။)



(ဘာတိတ်ကာ သူ့ကို သာအေးသွားသည်။(မိမြင့် ကျွန်တော်နဲ့
လာနေပါလား။ ကျွန်တော်ကလဲတပ်ယောက်ထဲ နေတာ
အိမ်ကတော့ ရှုတ်တယ်ခော်)(ဖော-ဖာဆ်ကိုလဲ အသိပြုကြရ
တာ၊ မိမှ ဖာဆ်ကိုနဲ့ ပတ်ာရမှာကွ)(နဲ့ကွဲပါပဲခော်)



သည်လိုနှင့် ချာတိတ်တို့သည် ကိုမြှာဆောင် ပါသွားသည်
ထိုမှာ မြို့စွန်ရှိ ဆင်းရဲသား ကျူးကျော်ရပ်ကွက်တခု
ဖြစ်သည်။ (ဒီဝါ ကျွန်တော့် ဝေယာပဲ)(အင်း ဟာရာတာပဲ)




မောင်ကိုတင်လေး သိတွင်ကောင်မြဲကို ဝါးကြည်ပျော်ပြေးထားသော်
(ကျော်ရှုပေါ်ကွာ၊ ဒါနဲ့ မင်းနာမည်က ဘယ်သူလဲ။
ပြီးတော့ ဘာလုပ်ကိုင် စားသလဲ။)(မောလှချစ်လောင်ကျော်
ခွင့်ပါပဲ မှတ်ထား ကျွန်တော့်နာမည်က စိုးစိုး တဲ့။)




(ကျွန်တော့်ခွေးလေး နာမည်က ဖိုးမှောင်တဲ့၊ ကျွန်တော့်
အလုပ်ကတော့ ကျွဲသမားပါ။ အဖေတော့ ရုပ်ရှင်ကြော်ငြာ
ဝေတဲ့အလုပ်၊ ပို့စတာကပ်တဲ့အလုပ် လုပ်တယ်လေ။)



(ဒီလိုဆိုလဲ၊ မင်းမှာ အလုပ်ကလေးရှိယင် ငါ့ကိုလဲ ခွဲနိုင်ပါ
ငါ အလုပ်မရွေးပါဘူး။) (ကျွန်တော်နဲ့ တွဲပြီး အလုပ်
လုပ်တာပေါ့ဗျာ။ မခက်ပါဘူး။ ပူမနေပါနဲ့။)



ကိုပြာဟောင့် မျက်လုံးများက နံရံတွင် ကပ်ထားသော
ပိုစတာပေါ်သို့ ရောက်ရှိသွား၏။ (ဟေ့ စိုးစိုး။ ဒီဒါ
ဘယ်သူ့ပုံလဲကွ။) (ရုပ်ရှင်မင်းသား ကိုဆွေလွင်ပုံလေဗျာ)




(မှန်တာပြောရရင် ဆင်းလောက်မချောပါဘူးကွာ။)
ကိုပြာဟောင်က မှန်ရာကို ပြောလိုက်ခြင်း ဖြစ်သည်။
စိုးစိုး ဆိုသည့် ချာတိတ်မှာ၊ တောတောပေပေ နေသည့်
ကြားမှုင်း၊ ပြေပြေချောချောလေး ဖြစ်သည်။ သူ့ရုပ်ကလေး
မှာ နုနယ်လှသည်။



ကိုပြာလောင်းကို ကြည့်၍ စိုးစိုး မျက်လုံးများ ပြူးကျယ်သွားသည်၊ (ဟေ့ လူကြီး ဆံဖြာယောင်းထိုးဟားတား မလည်နိုင်ဘော်၊ ကျုပ်တို့ ယောက်ျားချင်း ပေါ့ဗျ။ )




စိုးစိုးလက်က ဘောင်းဘီ နောက်ပိတ်ထဲရှိ ဓါးမြှောင်ဆီ ရောက်သွား၏။ (မလုပ်ပါနဲ့ကွာ ငါက သဘောရိုးနဲ့ ပြောတာပါ၊ ဒီမျက်နှာလေး ယုံသင့်ဘူးလား။ )



ကျွန်ုပ်တို့ဒိုင်ရှင် ပြောလိုက်သည့် စကားမှာ ကိုမြသောင်း
နှင့် စိုးစိုးအတွက် ရင်ဝကို ဆီးကန်လိုက်သလို ဖြစ်သည်
(ခင်ဗျားအတွက် အလုပ်မရှိတော့ဘူးကွ။)(ဘာဖြစ်လို့လဲဗျ)



(ခင်ဗျားနေရာကို စပေါ် ငွေတစ်ရာပေးနိုင်တဲ့လူ အစားထိုး
ခန့်လိုက်ပြီ။ ခင်ဗျားက ပေးနိုင်လို့လား) (ဗျာ တစ်ရာ ငွေ
ကျပ်ရာ၊ ဘယ်ပေးစရာရှိမလဲဗျ တစ်နေ့လုပ်မှ တစ်နေ့စားရတာ



သူတို့နှစ်ဦးလုံး ညမှောင်ကျသွားတော့မှ စိတ်ပျက်လက်ပျက် ပြန်လာကြသည်။ (ကျွန်တော့်မိန်းမကို ခင်ဗျား ရောက်လာတာ၊ မြင်ခဲ့တာပဲဗျ။)(ကလိုလဲ သဘောမတွေ့ပါနဲ့)




သူတို့နှစ်ဦးလုံး သစ်ပင်တပင်အောက်မှာ ထိုင်ချလိုက်သည် မိုးစိုးက စိတ်ပျက်လက်ပျက် အသံမာမာဖြင့် ဘေးနားရှိ သစ်ကိုင်းခြောက် ကို ကောက်ကာ အဝေးကိုပစ်လိုက်သည်




မိုးခေါင်က ပြေးသွားကာ ထိုသစ်ပင်အောက်ကို ကိုက်ချီ၍ စိုးစိုးထံကို ပြန်လာပို့၏။ (ငါ့ညီ။ မင်းခွေး လေးက တော်တော် လိမ္မာလားကွ။)



(ကျုပ်ခိုင်းတာဆို အကုန် လုပ်တတ်တယ်။) (ဟာ ဒါဆို ငါ့အကြံရပြီ။ တို့ ထမင်းစားဖို့အတွက် မပူရတော့ဘူး။ မင်းလင် ကြွင်းအစုတ်စုတ်ချုပ်လောက် မရှာနိုင်ဘူးလား။)



အခန်း ၃




ကိုပြာလောင်က လင်ကွင်းကို တချမ်းချမ်းတီးလိုက်သည်နှင့်
ဘုရားပတ်ပတ်လည်ကို လူများ စုပြုံ ရောက်ရှိလာ၏။
(တရုတ်သိုင်းကားထဲက နှဲကြိုး ထင်တယ်ကွ လင်ကွင်းနဲ့)



(ဂုဏ်သရေရှိ လူကြီးမင်းတို့ခင်ဗျား၊ ခေါ်သွား ရမည့် စမ်းသပ်ပြ ပညာလှ ဆိုသလို ကျွန်တော်တို့ရဲ့ ခွေးလိမ္မာ ဆက်ကပ်ပြပွဲလေးကို ပင်ရောက် ရှုစား သွားပါလို့ဖိတ်ခေါ်ပါတယ်)



ထို့နောက် မိုးမိုးအလှည့် ဖြစ်သည်။ မိုးမိုးက သူ့ခွေးကို တုတ် ကောက်ခိုင်းသည်။ မတ်တတ်ရပ်၍ ပရိသတ်ကို အလေးပြုခိုင်းသည်။ မိုးမှောင်ကလည်း လူတွေ သဘော ကျအောင် ပြနိုင်၏။



လူတွေက သဘောကျကာ လက်ခုပ်ဝိုင်းတီးကြ၏။ ညည်တော့ ကိုသဲဇောင် ကျော်ကြားလာသည်။ (ဒါ ကာမေ ရှိပါသေးတယ် နောက် မိုးကွင်းထဲမှာ နိုင်ငံ ထိုးပြပါဦးမယ်၊ ဘောလုံးပေါ် လမ်းလျှောက်ပြပါဦးမယ်။)



(ဪ တခုတော့ ရှိတယ်ခင်ဗျ။ ကျွန်တော်တို့ ပြတာ အလကား ပြတာ ဆိုပေမယ့်၊ ဒီခွေးလိမ္မာလေးကို အစာ ကျွေးဖို့ ငွေလိုပါတယ်။ ဒီတော့ တတ်နိုင်သမျှ ခွေးစာလေး ဒါနအဖြစ် ပါဝင်ကြပါလို့။)




ကိုပြာလောင်က ဦးထုပ်တစ်လုံးဖြင့် ပိုက်ဆံခံ၍ ပရိသတ်
ကလည်း ခေါက်ပြားလည်း ဟာသများကို ကြည့်ရှုရသဖြင့်
ပိုက်ဆံများ ရက်ရက်ရောရော ထည့်ကြသည်။



(ထည့်ကြပါခင်ဗျာ၊ ထည့်ကြပါ။ အလှူ ငါးဆယ်ကျော်
လေးပဲ ရှိသေးတယ်။) (ပေါ့ကောက် ခွေးစားမှီ ဆိုပဲ့
ကောက်ရောပါဗျ၊ ဘာလဲ ပင်းခွေးကာ ရွှေမှုန့်တွေများ စာရှ




စိတ်ချရသူတစ်ဦးက ပြောသည်။ (ကျွန်တော်တို့ ဈေးက တစ်ရွာကို ဒေါ်သာစိုးကော နှစ်ပိဿာ စားပါတယ်ခင်ဗျား။ ပြီးတော့ ကြာနို့စစ်စစ်၊ ငါးဆယ်သားလဲ ဝိုက်ရပါတယ်၊ စိတ်မရှိပါနဲ့၊ ဟာထည့်ကြီးပျက်ချေမှို့ လိုတောင်းတာပါ။)



လူတွေက ပိုက်အိတ်တွေ ထယ်ထည့်ရသည်။ (မြတော့ ပြော မြတော့) (မြန်မြန်ပြပါကွာ၊ ဆိုင်ကယ်မိန်းမက ဈေးဝယ်ခိုင်း လိုက်တာ၊ ခဲမြန်ကျ ဆရိုက်ခံရတော့မှာပဲ) (ကိုသန်းထွန်း ကလဲ ဖိုးသေကြောင်း ကြားနေပြန်ပြီ၊ အရေးထဲ။)



(ဟုတ်ကဲ့၊ ပြါတော့မယ်၊ ကဲ ဖိုးမှောင်ရဲ့ လိမ်မာပုံကို ဆက်လက် ရှုစားကြပါတော့) ကိုဘဲဟောင်ကာလင်ကျွင်းကို ကုတ်ပယ်ချောင်းနှင့်ခေါက် ရင်း မျှောလိုက်သည်၊



စိုးစိုး အသိနိ့ပေးလိုက်သည်နှင့် ချေးကလေး ဖိုးမှောင်က အဝေးမှ ပြေးလာကာ စိုးစိုးကိုင်ထားသော မီးကွင်းထဲ နိုင်ဖင်ထိုး၍ ပြတ်လိုက်၏။



သူတို့ အိမ်ကို ပြန်ရောက်လာကြသည်။ (ဘယ့်နဲ့လဲ၊ ကိုပြာလောင်၊ ဒီနေ့ ထွက်ခေါက်ရဲ့လား) (မဆိုးဘူး ငွေ ခြောက်ဆယ်လောက် ရတယ်။)



(ရော့၊ မင်း သုံးဆယ်၊ ငါ သုံးဆယ်ပေါ့) (အို အို ဒီလိုနဲ့ ဘယ်ရမလဲဗျာ။ ရတဲ့ငွေကို သုံးပုံပုံရမယ်) စိုးစိုးစကားကို ကိုပြာလောင် အံ့ဩသွားသည်။




(မင်းနဲ့ငါ နှစ်ယောက်ထဲ ရှိတာ မဟုတ်လား၊ တစ်ပုံက....
ဘယ်သူ့အတွက်လဲကွ၊)(သူ့အတွက်လေ) စိုးစိုးက သူ့ကားမှ
ထိုင်နေသော မိုးမြောင်ကို ညွှန်ပြ ရင်း ပြောလိုက်သည်။



(ဟာ- သူကခွေးပါ)(ခင်ဗျား အခုမှ ဒီစကား မပြောနဲ့လေ။
သူလဲ ရသင့်တာပေါ့။ ဒီခရီးမှာ သူ့လုပ်အား ဘယ်လောက်
ပါသလဲဆိုတာ ခင်ဗျားလဲ သိသားနဲ့။)




(အခုတော့ ဟုတ်ပါပြီလေ၊ ဒါပေမယ့် မင်းခွေးက ပိုက်ဆံကို
ယူပြီး မုန့်ဆိုင်တွေမှာ လျှောက်ဝယ် စားသောက်နေလို့လား။
ငါက သူ ဒီလောက်ထိ လိမ္မာတာကို မသိဘူး။)



(သူကတော့ ဘယ်ဝယ်စားတတ်မလဲဗျ။ ဒါပေမယ့် သူရတဲ့
ငွေကို သူ့သခင်ဖြစ်တဲ့ ကျွန်တော်က သိမ်းပေးထားရမှာပေါ့)
မိုးမိုးကို ကိုဖြိုးဟောင် နှစ်ပုံ ပေးလိုက်ရလေသည်။







ကိုပြာလောင်တို့ ဝိုင်းမှာ တခါထက်တခါ တိုးတက်လာ သည်။ အခုအခါ ပျော်လှည့်အဖွဲ့ တခုမှ ဘင်ခရာဟောင်း လေး တလုံးကိုပင် ကိုပြာလောင် ဝယ်၍ တီးခတ်နိုင်ပြီ။ မိုးမိုးကလည်း မိုးမြှောင်ကို လူတွေ သဘောကျအောင် အကြီးကြီး ဖျော်ဖြေ ခိုင်းနိုင်ခဲ့သည်။ အခုဆိုလျှင် သူတို့ ဘဝမှာ ထမင်းတလုတ်အတွက် မပူပင်ရတော့။



အခန်း ၊ ၄



ရွှမ်းတော်ရှုဖို့ ။ စာကိုစီတယ် ။ ။ တိမ်ဖြူ တိမ်မင်ဝါ ။ တိမ်ပြာ
တွေ ။ သန်းပါတော့ ။ ဘယ်ဆီသို့ ။ ဘယ်ဝါသို့ ။ လွှမ်းပါရမယ်
ချွေးပါရမယ် ။ ကြာပင်ဖိုင်ကြီး ခါလယ် ။ ။ )ကိုပြာလောင်
တို့ ဖိတ်ခေါ်တယ် ရေဖိုင်တစ်ဖိုင်ရှိသည်။ ထိုဖိုင်ထဲ
ဝယ် ကြာများ ပူးပွင့်နေ၏။ ထားသော ကာဇေ့ဝယ်
ကိုပြာလောင်က ညှို့မေးဘားရုပ်ကလေးနှင့် ကနံဘေး
သစ်ရိပ်ဝယ် ကြိုးဆွဲ ရင်း သီချင်းဆိုနေသည်။



(လွမ်းတော်ရှမို့ ×× ဒို ×× လွမ်းတော်ရှမို့ ×× ဒို ×× ဒို ××
လွမ်းတော်ရှမို့ ×× ဓာကို ပိတယ်) ကိုဖြာလောင်က
ခံစားမှုဖြင့် ဖိတ်ပါလက်ပါ သီဆိုနေသလို၊ သူ့ဘေးမှ
စိုးစိုးကလည်း ငိုင်ငေးက နားထောင်နေသည်။



(မိုးအခါယယ် × ချိုးလာတယ် × ချိုးလာမယ် × မိုးအခါယယ်
ချမ်းဆုပ်နှ်မို့မှာယ် ×× ရည်ရွယ်ကာ ထားခဲ့တယ် × × ×
ယူမှာကြာရယ် ×× ကျော်ရည်းစားနဲ့ သွားတော် ×
စောင့်အုံးကွယ် ×× )



# တင်အောင်နီ

ရေးဆွဲ၍

ကိုပြာလောင်

ပါဝင် သရုပ် ဆောင်သည်

[redacted]

## ကျုပ်ရည်းစားနဲ့ ညားအောင်စောင့်ဒိုးကြွယ်




(ခင်ဗျားဆိုပုံကို နားထောင်ရတာ ကျွန်တော်တောင် ရင်ထဲ
မှာ လှိုက်လာတယ်။ ခင်ဗျားမှာ ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး
လေးနက်တဲ့ ခံစားမှုတစ်ခုရှိနေတယ် ထင်တယ် ဟုတ်လား)




(ဆိုပါတော့ မိုးမိုးရာ) (ကျွန်တော် သိချင်လိုက်တာဗျာ။
အဲဒီအကြောင်းတွေကို ပြောပြပါလားဟင်။) မိုးမိုးက
ငိုလိုလားလားပင် တောင်းပန်နေသည်။






တစ်ခါက ရန်ကုန်နဲ့ ခတ္တလေး လှမ်းကြီးရဲ့ တစ်နေရာက
ဆောင်ဘိုဆိုတဲ့ ရွာမှာ တိုးမိုးနဲ့ ပြာလောင်ဆိုတဲ့ ငယ်သူငယ်ချင်း
နှစ်ဦး ရှိခဲ့ကြတယ်။ တိုးမိုးအဖေက ရုပ်သေးပညာသည်
ဟောင်းကြီးတစ်ဦး။ တိုးမိုးနဲ့ ပြာလောင်ကို ရုပ်သေးရုပ်
ကလေးတစ်ယောက်တစ်ရုပ်စီ လုပ်ပေးခဲ့တယ်။




လှိုင်နဲ့ သူတို့ အရွယ်ရောက်စ၊ ရင်ထဲမှာ သံယောဇဉ်တွေ
အိုးကြီးမှာပါ။ တိုးမအဖေဟာ ရုတ်တရက် ကွယ်လွန်
သွားရှာတယ်။



ကပ်ယောက်တသုံး ဖြစ်ရတဲ့ တိုးမကို မြို့က မိုက်ဆုံ
ပေါ်မွေးဆိုတဲ့ အဒေါ်တွေက လာခေါ်သွားကြတယ်။
မြို့ကို သွားကာနီး တိုးမက သူ့ မင်းသမီးရုပ်ကလေးကို
ဂျာလောင်ကို ပေးခဲ့တယ်။



တောမှာ လှမ်းကျန်ခဲ့ရတဲ့ မှာလောင်ဟာ တိုးမကို
နို့တက်ရှာဖို့အတွက်၊ အလုပ်ကို ကြိုးစားလုပ် ရင်း
ပိုက်ဆံရတယ်။



တခါရောက်တော့ ဈေးသုံးပါးတိုင်ဘဝနဲ့ တိုးမကိုဖြင့်
မာပြုပ်တစ်မြည်လုံး လိုက်ရှာနေတာ၊ အခုထိပါပဲကွယ်



(ဗျာ၊ မင်းများ အဖြစ်က တကယ့်ကို ရင်နာစရာပါပဲ၊ ဒါနဲ့
ဒီလောက် လိုက်ရှာနေတာတောင် မင်းများ တို့ဆီကို မြန်
မတွေ့သေးဘူးလား။) သူ့စကားအဆုံးမှာ မိုးစိုက မောကျလာတယ်။




(ဗျာ၊ တစ်ခါက ရုပ်ရှင်ရိုက်ကွင်းတစ်ခုအနားကို ရောက်သွား
တော့ ရုပ်ရှင်မင်း၊ သမီးတစ်ယောက်ကို သွားတွေ့တယ်ကွ။
တိုးမနဲ့ တော်တော် တူတာပဲ၊ ဒါပေမယ့် သူ့နာမည်ကိုတော့ မသိဘူး)



(ဟာ. ခင်ဗျားတောက တို့မဆိုတဲ့ ကောင်မလေးကတော့
ဆီပပ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး ခင်ဗျာ) စိုးစိုးက
ခိုးခိုးသီးသီး ပြောသည်။



(ဟုတ်တော့ ဟုတ်တာပေါ့ကွ၊ ဒါပေမယ့် တို့မ မဟုတ်ဘူးနဲ့
တူတာပေါ့ကွာ။ တီးမသာဆိုယင် ငါ့ကို ခေါ်လိုက်မှာပေါ့ကွ
အခုတော့ သူက ငါ့ကို မခေါ် မခေါ်ဘူးကွ။)



ဝုန်း ခနဲ ရှိန်း ခနဲ မိုးများ ထစ်ချုန်းကာ ကောင်းကင်တစ်ခွင်လုံး မည်းနက်လာ၏။ ပြကာဆီ မိုးစက်များ တဖွဲဖွဲ ရွာသွန်း ကျလာတော့သည်။



မြင်းမှ ဆင်းလာသော ကိုပြာလောင်၊ စိုးစိုးနှင့် မိုးမှောင်တို့မှာ မိုးမိ၍ နေလေသည်။ သစ်ပင်တစ်ပင် အောက်ကို ပြေးဝင်ကြကာ မိုးတောင်းနေကြရသည်။




သို့သော် လေရောမိုးပါ ပြင်းထန်နေသဖြင့် သူတို့ ခိုအောင်းရာ သစ်ပင်အောက်ကိုပါ။ မိုးစက်များ ရောက်ကာ သူတို့ကို ရွဲရွဲစိုစေသည်။



ကိုမိုး လာလေ၊ ဒီဘက်ကိုတိုး။ မင်းဘက်က မိုးပက်တယ်၊ မင်းတော့ ဒီလိုဆို ဖျားတော့မှာပါ။)





ကိုဖြာလှောင် ပြောသည့်စကားမှာ အမှန်ပင် ဖြစ်သည်။
ညာရောက်သောအခါ ရှိုးမိ၍ မိုးမိုး အမြင်းမှား တော့သည်။
ဆောင်ရွက်လေးကို ဖြေ၍ ခိုက်ခိုက်တုန်နေသည်။ (မိုးမိုး။
မင်း၊ ဒီပြဇာတ်မြင်နေသလားဟင်။ ငါ ဖက်ထားမယ်လေ။)
ကိုဖြာလှောင် စောနာမြင့် ပြောသည်ကို မိုးမိုးကလက်မခံ
(ဟင့်အင်း ဟင့်အင်း ခင်ဗျား ကျွန်မကို မထိနဲ့)



(ခင်ဗျားကို ကျုပ် ပြောထားတယ် မဟုတ်လား။ ကျုပ်တို့ဟာ ယောကျ်ားချင်းတွေလို့) (အေးလေ၊ အဲဒီကြောင့်လဲ ငါက ပြောတာပေါ့၊ ငါဖက်ထားပါ့မယ်လို့။)



(မလိုဘူး၊ မလိုဘူး။ ခင်ဗျား ကျုပ်အသားကို ထိရင် ဓါးနဲ့ထိုးမယ်။) နောက်ဆုံး ကိုမြလှောင် လက်လျှော့ လိုက်ရသည်။



ပို့သော်လည်း ရောဂါသည်းနေသော စိုးစိုးကို သူ
သည်အတိုင်း ထိုင်ကြည့်၍ မနေနိုင်။ ထို့ကြောင့် ဆရာဝန်ကို
ပြေးခေါ်ရသည်။



ဆရာဝန် ရောက်လာပြီး ဆေးသယ်ဆေးထိုးပေးမှ စိုးစိုးက
သူ့ကို အပြင်သို့ နှင်ထုတ်ထားသဖြင့် တံခါးပြင်မှ စောင့်
နေရ၏ (တော်တော် ရက်စက်တဲ့ ကောင်မပါကွာ။ )




ဆိုသော် ဆိုင်သို့ ထွက်လာသော အရာနှင့် ကော:
ကြားလိုက်ရသော ကိုမ်ာလောင်းမှာ ( သိပ်၊ စိတ်ပူမနေ
ပါနဲ့ မျာ: ကျွန်တော် ဆေးတလုံး ထိုးပေးရဲပါတယ်။ )



မနက်ကျယင် ဝင်ရှားမိမ်းမ သက်သာ သွားမှာပါ။ )
သူ့နားကို ကပ်၍ မိုးကြိုး ပစ်လိုက်သလို၊ သူ ခံစား
လိုက်ရလေသတည်း။



နံက်နေရောင်ခြည်မှာ တံပြတင်းပေါက်မှနေ၍ ကြမ်းပြင်ပေါ်သို့ ဝိုးတဝါး ထိုးကျလေ၏။




ကိုမြလောင်က အိပ်ရာပေါ်ဝယ် ပက်လက်လှန် လှဲရင်း သူနှင့် စိုးစိုး၏ ဓါတ်ပုံများကို ပြန်လည် စဉ်းစားနေသည် အငူငူနေပြီး သူသည် စိုးစိုးကို ယောက်ျားလို ဝတ်ထားသော မိန်းခလေးတစ်ဦးဟု မသိခဲ့။



ထိုအချိန် အခန်းထဲမှ စိုးစိုး ထွက်လာလေသည်။
(စိုးစိုး နေကောင်းသွားပြီလားဟင်) စိုးစိုး၏ မျက်နှာမှာ
အနည်းငယ် ရှက်ရွံ့ဟန် ပေါ်နေ၏။ (ကောင်းသွားပါပြီ)




(ဒါနဲ့ ညက ဆရာဝန် ပြောသွားလို့ ကိုကြီးလောင်
စိုးစိုးရဲ့ ဘဝအမှန်ကို သိသွားပြီ မဟုတ်လားဟင်။)
(ဟင်း.. စိုးစိုး ဘာဖြစ်လို့ ဂလိုဝတ်ထားရတာလဲဟင်)



(ရှင် ရင်းစားကြည့်ပေါ့၊ ကိုဗာလေသင်။ ကျွန်မလိုဘဝကို
တစ်ယောက်တည်း၊ လှမ်းကန် နေရတဲ့ သူတစ်ဦးတည်းပို့၊
ယောကျာ်းလေးတစ်ယောက်လို ထော်ဆင်ထားတာ၊ ပိုပြီး
စိတ်ချ လုံခြုံရတယ် မဟုတ်လား)



(ဒါတော့ ဟုတ်ပါပြီ! စိုးစိုးရယ်၊ အပေါ်ယံ မာမှန်တာရားကို
ကြာရှည် ဖုံးကွယ်ထားလို့ ရမှာ မဟုတ်ပါဘူး။
ပြီးတော့၊ သဘာဝ တရားကို ဆန့်ကျင်နေရတာလဲ
မကောင်းပါဘူး စိုးစိုးရယ်..)




ထိုနေ့ည ကိုဖြာလောင် ထမ်းပြန်လာသောအခါ၊ စိုးစိုး အတွက် သရက်ထည် ပွင့်ရိုက် လုံချည်လေးတစ်ထည်နှင့် အင်္ကျီအဖြူလေးတစ်ထည် ဝယ်လာလေသည်။



ရော့- ဒီမှာ ကိုယ့်စုထားတဲ့ ပိုက်ဆံထဲက စိုးစိုး တော်ပို့ ဝယ်လာတာပဲ။ သွား။ အခန်းထဲမှာ သွားလဲကြည့် သည်တော့လည်း ကိုဖြာလောင် စကားကို စိုးစိုး နားထောင် ရှာပါသည်။




အခန်းထဲမှ အကျႌအဝတ်အစားများလဲကာ ထွက်လာ
သော စိုးစိုးကို မြင်သောအခါ၊ သူ့ရင်များပင် အသံ
မြည်လာသည်။ သူ့မျက်လုံးထဲဝယ် ကော်လာနှင့်ဘောင်းဘီ
ဂျင်းနှင့် တွေ့နေကျ စိုးစိုးမှာ..




အခုလို ထမီနှင့် အကျႌနှင့် မြင်လိုက်ရသောအခါ။
အလှကြီး လှနေသည်ကို တွေ့ရသည်။ (ကိုယ်တော်ချော်
သိပ်မကြည့်နဲ့လေ။ စိုးစိုး မနေတတ်ဘူး။ ရှက်တယ်)



(အဲ..အဲ ရှေ့စမ်း စိုးစိုး။ ဒေါ်ဒီ ဖိုင်တင်လေးဟာ ချစ်စရာ ကလေးပဲ။ မိနဲ့ စိုးစိုး ကတော့လားဟင်။)(ဟို ဘာလုပ် ဖုန်းမလိုလဲ ဟာကြိုးရဲ့)



(ကိုယ်တို့မှာ စုမိထားတဲ့ ငွေကလေး နည်းနည်း ရှိနေတယ် မဟုတ်လား၊ ဟိုဒ် ဟာဒုလို ဈေးပြဆန်ဝေါင်း ရသမျှမယ့် အစား ဈောဖွင့်မှုလေးကမ်ရ ဆောင်မလားလို့။)




(ကလိုဆို စိုးစိုးမနေခဲ့လဲ ပို ကြွေ့ရသွားမှာပေါ့၊ ကိုယ်ကသော်
ဒီဘက်မှာတော့ ရွာမှာနေကတည်းက မတောက်တခေါက်
တတ်တယ်)(မှို-ဒါပေမယ့် စိုးစိုးမှ မကတတ်တဲ့ဟာကို)



(တော်ပြီ ဆိုးပျက်မှာပဲလေးမျိုး ညှိုးငယ်တော့ပါ၊ ကတယ်
ဆိုတာ ဘာမှ မခက်ပါဘူး။ ဆရာကြီးမိုးမိုးနဲ့ ပြောထား
တာ သွားသင်ဖို့ရတယ်။ ကတဲ့သူဟာ ပန်းကလေးတွေနဲ့
တူရမယ်တဲ့။)



ပန်းလေးတွေကို မြင်ရင် လူတွေက ချစ်ခင်ကြတာပေါ့၊
သာယာသည်ဟာလဲ သူ့မျက်နှာမြင်ရင် ချစ်ခင်အောင်
နေတတ်ရမယ်တဲ့၊ ပြီးတော့ ပင်စည်အလိုင်းကို ခွဲလိုက်
လို့ အရောင်ယား အခက်အရွက်တွေလို့ ဖော်ထုတ်တွေ့ပြီ



အဘောသား။ ဖေဖေ့ဦးလို့ ပန်းကလေး ပါမီးညွတ်
သလို ဖြူလက်ခေါ်ရာကိုယ်တွေကို ရှုပ်ရှားပါမီးညွတ်
တတ်ရင် ဘာကောင်းမှုတာပါ။




(ဖေ့ လောလောဆယ် ကမြစ်ချိတော့ ငါသင်ပေးနိုင်ပါတယ်
အောက်ပိုင်းကျွန်း အားတွေရက်တွေ ဟာကသင် ဆရာမတစ်ဦး
အိမ်မှာ ဟာက တက်တာပေါ့ ပတ်လား။



(ဒါဆိုတော့ သွားပါတော့။ မီဆယ်တိုလေးနဲ့ ဘယ်လိုလုပ်
ကရမှာလဲရှင့်၊)(ဟဲ ရွှေယပ်ပါတယ်ဟ၊ နှင်းဆီဝင် ရှည်
မလာသေး ခင်တော့ ဆံတုနဲ့ ထုံးကချိပေါ့။)






(ဘယ်စာကို လောင်းသင်မလို့တုန်း× ဘယ်စာကို××
ဘယ်နှစ်ဝါရဆောင် × လောင် × သင်မလို့တုန်း × ခင်လေးကို
သံချိုချောကာ × ပြောလှည့်လေး× ပြောလေလေး × ×
ပြောပါ့ပါဦး××) ကိုပြာလောင်က ဗျောခေါက်ရင်း
ဆိုသည်။ စိုးစိုးက ကသည်။ တခုတော့ စိုးစိုး၏ အမည်မှာ
ဗျောမင်းသမီးလေး ချစ်ယှဉ် ခင်ခင်စိုး ဖြစ်လာလေပြီ။



သူ့ဟာသကောင်းသည်ကိုလည်း လူတွေက နှစ်ခြိုက်ကြသည်။ အသားဖြူဖြူဖွေးဖွေး ချစ်စရာရုပ်ရည်လေးမို့ ရွှေစံပယ်ဟု အမည်ရလာခြင်းဖြစ်သည်။



သူ့ကိုကြိုက်ကြသည့်အထဲဝယ် ကာလသားပရိသတ်က ထိပ်ဆုံးမှ ပါသည်။ မလောက်လေးမလောက်စား ဈေးအချိုမ့်လေးဟု သဘောမထား။ ခင်ခင်မိုး ကသည့် နေရာကို ရောက်အောင် လာကြည့်ကြသည်။



ဘေးလယ်သည့်တစ်နေ့ကိုပြာလောင် အရုပ်ကလေးများ
ဆွဲထားသည့် တန်းခေါက်ဖါကို ဖွင့်ကြည့်နေစဉ်၊
မိုးမိုးရောက်လာသည်၊ (အစ်ကို ဆိုမင်းသား ရုပ်လေးကို
မိုးမိုးကို ပေးပါလားဟင်။)



(မင်းက ဘာလုပ်မလို့လဲ မိုးမိုး) (ဒို့ မိုးမိုး သိမ်းထားမလို့
ပါ၊ အစ်ကို့ကြောင့် မိုးမိုး ခုလို ဘဝကြီးကို ရောက်ခဲ့
ရတာ မဟုတ်လား၊ အစ်ကို့ကိုယ်စား အမှတ်တရပေါ့ )



အမှန်တော့ တိုးမြင့် ပတ်သက်လာသမျှ ကိုပြသလောက် ဘဝသည်၊ မျှော်လင့်ချက် မရှိတော့သော ဘဝ ဖြစ်သည်။ ပြီးတော့ သူ့ရင်ထဲကလည်း ဖြစ်နိုင်လျှင် စိုးစိုး၏ မေတ္တာကို မျှော်လင့်ချင်နေသည်။



သူနှင့်တကယ် ထိုက်တန်သူမှာ စိုးစိုးပင် ဖြစ်သည်၊ သူက သူ့မင်းသား ရုပ်ကလေးကို စိုးစိုးကို ပေးလိုက်ရာ၊ စိုးစိုးက ဝမ်းသာအားရ ယူလိုက်သည်။ (စိုးစိုး ကိုယ်နဲ့မကွာ အမြဲတမ်း သိမ်းထားပါမယ် အစ်ကို)




(ဒါနဲ့ ဟစ်ကို ဒီအိမ်ရှာတာ ရပြီလားဟင်) (အမှန်တော့ ကိုယ် ခုထက်ထိ အိမ်မရှာရသေးဘူး စိုးစိုး။ ဒီအိမ်လေးမှာ နဂိုကတည်းက နေလာတာ ဆရာလဲ ဖြစ်ရဲ့သားနဲ့ ဘာလို့ ပြောင်းချင်ရတာလဲ။)



(ဟစ်ကိုကလဲလေ၊ စိုးစိုးတို့ အခြေအနေက အရင်ကနဲ့ တူတော့တာမှ မဟုတ်တာ၊ အိမ်ခန်း လတ်လတ်လေး တစ်လုံးတော့ ရှာငှားဦးမှာပေါ့၊ ဒါမှ မှီလာငှားတဲ့ လူလေး ဘာလေးက အထင်ကြီးမှာ။)




စိုးစိုး၏ ဇာတ်လိုက်ကျ သူတို့အနီးမှ ရပ်ကွက်ဝယ် ဟိုမ်းဝက်လို့
သွားငွား၍ သူ ပြန်လာ၏။ သူတို့ အိမ်ရှေ့မှောက်ဝယ်
မြင်လိုက်ရသော မြင်ကွင်းကား၊



သူတို့ခွေးလေး မိုးမှောင်ကို လူမိုက်ယောက်က ဖမ်းဆီးကာ
ကားပေါ်ကို ဆွဲတင်နေခြင်း ဖြစ်သတည်း၊ ကားကား စည်ပင်သာယာ
ကား။ ခွေးလေခွေးလွင့် သုတ်သင်ရှင်းလင်းရေးမှ ဖြစ်သည်။



(ဖိုးချောင် ဖိုးချောင်၊ ဖိုးချောင်ကို မမေ့ပါနဲ့) ဆိုက
မော်ဟန်ကာ ကားနားကို ပြေးသွားသော်လည်း ကားက
မောင်းနှင် ထွက်ခွာ၍ သွားလေပြီ။



သူ့ရင်ထဲမှာ မောသွားသည်၊ ဖိုးသက်ကို တဆွေး ထပ်ရောက်
သွား၍ (စိုးစိုးရေ စိုးစိုး) စိုးစိုးက တလှုပ်လှုပ် မှန်တင်ခုံ
ရှေ့ဝယ် သနပ်ခါးလိမ်း၍ နေလေသည်။




(စိုးစိုး ဖိုးမှောင်ကို သူတို့ဖမ်းသွားကြပြီ၊ ဖိုးမှောင်ကို
သူတို့ ဖမ်းသွားကြပြီ) စိုးစိုးက လုံး၀ တုန်လှုပ်ဟန်မပြ
သနပ်ခါးလေး လိမ်းနေလျက်ဘဲ ပြန်ပြောလိုက်သည်။



(ဖမ်းသွားပါစေတော့ကွယ်။ ကိစ္စမရှိပါဘူး။ အရင်တုန်းက
စိုးစိုးမှာ အဖော်မရှိလို့ ဖိုးမှောင်ကို မွေးထားတာ။ အခု
အစ်ကိုတစ်ယောက်လုံး ရှိနေပြီပဲ ဥစ္စာ။)



(မင်း ဘယ်လို စကားမျိုး ပြောလိုက်တာလဲ စိုးစိုး၊ ကလိုဆို
မင်းဟာ ငါ့ထက်သာတဲ့ ဆရာကိုတွေ့ယင်၊ ငါ့ကိုလဲ
မှီအောင်လို့ ရှုပ်ပစ်ဖို့ ဝန်လေးတဲ့ သဘောလား။)



သည်တော့လည်း စိုးစိုး မျက်ရည်ဝဲဝဲနှင့် တောင်းပန်သည်
(ဒီသဘောနဲ့ မဟုတ်ပါဘူး ဆရာကိုရယ်။ စိုးစိုး စကား
ပြော မတတ်လို့ပါ၊ ခွင့်လွှတ်ပါနော် ဆရာကို)






ငှားရမ်းထားသော ကိုမြသောင်တို့ အိမ်ခန်းလေးမှာ ဖြစ်လေသည်။
ကိုမြသောင် ဈေးဆီချိုင်းကာမိသည်ကို မော်၍ ရေးနေစဉ်။
အိမ်ပေါ်ကို ဖိုးဖိုးမှန် မသောက်ကြီးကြီးလှုဝဝကြီးကြောင်း၍တောက်ကာ
သည်။ ဖိုးဖိုးသည် မိုက်ရုပ်ကြီး သွားရေသည်ဆိုပြီး ရှက်သွားပြီး
မြစ်ရာ ဘယ်က ဧည့်သည်နှင့် တွေ့လာသည်ပေါ့။



(ဆေးကို ပါ ခေါ်မှန်းသောင်းဆောရာ ဦးလှဝေတဲ့။) မိုးမိုးက သည့်နင့် မိတ်ဆက်ပေးသည်။ သည့်နောက်မှာတော့ သူ သဘောမပေါက် နိုင်သေး။ (ဘာကိစ္စရှိလို့လဲ ခင်ဗျာ။)



(ဒီလိုပါ။ မောင်ရင်တို့ ဈေးသာမြို့ဖုံလေးကို ကြည့်ရတယ် အခုံ သဘောကျပါတယ်၊ ဓါတ်ဘောင် ဦးက ရွေးကိုက်ထုတ်ပြီး ခင်တောင်ဆေးမြို့ကြီးတစ်ခုမှာဖြစ် ထုတ်ဝေချင်လို့ပါ။ မီဂ ဝင်ငွေရိုးကိုတော့ ပေးပါမယ်။



(ဆံခင်မိုးက မောင်ရင့်ကို တော့ကြသူပါ၊ မောင်ရင့်သဘော
တူပါပဲဆိုလို့) ကိုမာလောင်က စိုးစိုးကို လှမ်းကြည့်လိုက်
သည်။ စိုးစိုးကလည်း သူ့ကို ဘောကျတကြီး မျက်လုံးများဖြင့်
ငေးစိုက်ကြည့်နေ၏။




တကယ်တော့ ကိုမာလောင်မှာရှိနေ ကျွဲလိုရှေ့ရှင်ကြောင်ဖြင့်
မျက်မှန်ဖွေးဖွေးတော့ယှက်တင် မရှည်။ ဆိုသော် ငြင်းပယ်
လိုက်မြင်ကလည်း စိုးစိုး၏ တကယ်သာဓကကို ဖိတ်ပင်ရာ
ရောက်မှာ စိုးရသည်။



နောက်ဆုံး ကိုဖြာလောင် လေးလံသော သက်ပြင်း တ
ချက်ကာ သဘောတူလိုက်ရတော့သည်။ (အင်း ကိုယ့်မင်းသမီး
တက်လမ်း ဆိုမှန်းသော့လဲ ကိုယ် မိတပင်လို့ မကောင်းဘူး။
ကြည့် စီစဉ်ကြတာပေါ့။)



ဦးလှဝရော စိုးစိုးပါ နှုတ်ဆိုးလုံး ဝမ်းသာ သွားကြသည်။
သိပ် ထင်ပေါ်ကျော်ကြားချင်ဟန် ရှိသော စိုးစိုး ကိုတော့မှ
ကိုဖြာလောင် ရင်မောနေမိသည်။



ကာလသားများက လက်ခုပ်တဖြောင်းဖြောင်း တီးကြသည်
လက်ခေါက်သံ တချွီချွီမြည်အောင် မှုတ်ကြ၏။




ရှေ့ဆုံးမှ ဝင်းဝင်းမိုး ဆိုသော ဆိုင်းဘုတ်နှင့် မှန်သားထည့်ထားသော ဇာတ်ပေါ်မှ ကာလသားများက မိုးမိုး၊ ဇာတ်တော်က ကောက်ချိ ဇာတ်ပေါ်ကလေးသာလား၊ ထင်ပေါ်ကျ ဇာတ်တော်က ကောက်ကာ သွားသည် ပေပြီ။



ကိုမြဲတောင်ကတော့ ဇာတ်စင်ရောက်မှ ဇာတ်သေသွားပေါ့
ဆိုင်းရုံး ဆေးလိပ်ကြီး တဖွော်ဖွော် ထဖောင်
ဖွာနေသည်။ ဘာဒု အသံသာ၊ ဆိုင်းဝိုင်းထဲ မဝင်ရတော့။




ဦးလူဝ ကလိုက်ကျ ဓာတ်သိမ်းလေး နည်းနည်းပါးပါး
ဖျော်ပေးရသည်။ သူ့ဆိုးဆိုး၏ အဝလေးကို ဦးလူဝ
စောင် ဖွက်ထားပြီးနေမှိုပြောသာ ကိုမြဲတောင် လက်ဖျော်ရမည်
ပေသည်။ (နင်တို့ကို ငါ ကျောက်သင်ကလဲ့တာယ် ငှဲငှဲငှဲ



(မင်း ဘာဖြစ်နေတာလဲ စိုးစိုးရေ၊ မီးလိမ်းစရာ ရှိတာကို
မောမော မီးလိမ်းမနေပါ) ဟုဟာသဆက်နေသော စိုးစိုး ကို
ကိုပြာလောင်က ပေါက်လိုက်သည်။ (ဖြို့. ဒါကိုကောလဲ
ဘာသိလို့လဲ၊ ဒါခု သွားကရမှာ ဖယ်ပွဲစီးပွဲ ရှင့် )



မှန်ပါသည်၊ စိုးစိုးအတွက် ပထမဆုံး အကြေးပါ အကောက်
သူများကို သိုးသန့်ခွင့်ရသည်မို့၊ ရုပ်ရှင်မင်းသား ကိုကျော်
က သူ့ အကာယပ်မီးရသည့်အတွက် ကျွင်းလသည်မို့။



(မှိုလိုပွဲဆိုးတစ်ခါမှ မကာဘူးတော့ စိုးစိုးစိတ်တွေ လှုပ်ရှား
နေတာပေါ့ တစ်ကိုရဲ့။ စိုးစိုးကတာကို ကြည့်ပြီး ကိုတွေ့
ကြက်မှ ကြိုက်ပါ့မလား မသိဘူး။)



ကိုမြဲလှောင် စိတ်ပေါက်ပေါက်နှင့် ဆေးသတ်လိုက်သည်။
(အေး တော်တော်ကြာ၊ က,တာတင် ကြိုက်ရုံမကတော့၊ လုပါ
ကြိုက်ပြီး မော်ထားလိုက်ဦးမယ်။)



ရှေ့ဆုံးမှာ ကုလားထိုင်ဖြင့် ထိုင်ကြည့်နေသည့် ကိုဝေကျွန့်
မျက်လုံးများက စိုးစိုးအပေါ်ကို မခွာဘဲ ကျောက်ချသည်။
တော်တော် လှတဲ့ ကောင်မလေးပဲ။



စင်ပေါ်မှာ ကခုန်နေသည့် စိုးစိုး၏ မျက်လုံးများကလည်း
ကိုဝေလွှင့် ထံပါး၌သာ ဖွဲ့ဝဲချိတ်နေသည်။ သူမြင်ဖူးချင်နေသည့်
ရုပ်ရှင်မင်းသားကို အခုတွေ့နေပြီ မဟုတ်လား။



ဒါကြောင့် ဇာတ်ရုံမှ မကာစသော ကြိုးတားပန်းကောင်း ကမြလိုက်၏။
ကိုဝေလွှင် ကြည့်နေသည် မဟုတ်လား။ ငါ့နှလုံးသား မြူးကာ
ခုန်ပါစေ။



ကန့်လန့်ကာ နောက်ကွယ်မှ ခေါင်းပြူ သူတို့ အမိုး ကို ကြည့်နေ
သော ကိုဖြာလောင် ရင်ထဲမှာမူ တဆောက်မရပ် မီးတောက်များ
ပေါက်ကွဲနေသလို ရှိသည်။



စိုးစိုးကကြီး အဲဒီသို့ ပြောကြားရသောအခါ ကိုအောင် ကိုယ်တိုင်
အချောက်ဘက် အခန်းထဲသို့ ဝင်လာပြီး နှုတ်ဆက်၏ (ကျွန်ုပ်ကျောက်
ကျေနပ်လေစွာရှင်းပါ စိုးစိုး။)



စိုးစိုးကတော့ ဦးညီ သိပ်ကောင်းတော့ပါတဲ့လောက်ထဲ စိုးစိုးကို
ကျွန်တော်ပြောပါရစေ၊ စိုးစိုး ရုပ်ရှင်ရိုက်မလားဟင်၊
ကျွန်တော် ခေါင်းဆောင်မင်းသမီး တင်ရိုက်ပေးပါ့မယ်။ )



(အဘောမတွေ့ဘူး၊ မတွေ့ဘူး) ဆိုပြီးမြန်ကောက်သောအခါ
သူတို့ ပေါက်ကွဲကြသည်။ (မင်း အဖိုးမို့ စင်ပေါ်မှာပဲ ရှယ်
တယ်၊ ရုပ်ရှင်လောကထဲကို မမေ့ချင်ဘူး ဗိုးဗိုး။)




(ရှင်က ကျွန်မတော်လယ်းကို ပိတ်ပင်လို့ အဘောလား၊ ဒါဟာ
ဆင်ပေါ်လို့ စင်တော်က ကောင်တာရှင့်)(မင်းအတွက်
ရှုံ့ရာယ်များလို့ ဒါပြောတာ ဗိုးဗိုး။)



(ဘာ အရူးရယ် ဒီရုံမှာလဲကွင်း၊ လိုက်လျှောက်ပါဘ ရုပ်ချောမင်းသား ကူမြူတီနှင့်၊ ဓါးရိုက်ကား၊ ချစ်သနားရှိလူတစ်ယောက်ကွင်း၊ အခု သူကိုယ်တိုင်က လိုလိုချင်ချင် မိတ်ခေါ်ရတာကို ငြင်းလို့ ကောင်းပါ့မလား။)



(ရှင့်ဘလိုမှာတိုးသာဆိုယင်၊ ကျွန်မ ကျောင်းသူမီးလေး ဘဝ က ဘယ်တော့မှ ဘက်ရမှာ မဟုတ်ဘူး) (မင်းက ဆရာတော့ ကြောက်အားနေပြီပေါ့ မိုးမိုး။)



အလှပြင်ဆိုင်တစ်ခုအတွင်းမှာ ဖြစ်သည်၊ စိုးစိုးက ဦးမှာ ထိုင်၍ ဆံပင်အလှပြုပြင်သည်ကို ခံယူနေသည်။ သူမ မျက်နှာက မြူးရွှင်ကြည်နူး၍ နေ၏။




စိုးစိုးအေးဝယ် မတ်တတ်ရပ်ရင်း ကိုဝေလွင်က နိုင်ငံခြားမှ ဆံပင်အလှ ရှမ်ပူနှင့် ကက်တလောက်ကို လှမ်းကြည့်နေသည် (ခင်ခင်စိုးကတော့ ဘယ်လိုမြင်မြင် လှမြဲသားပဲ။)

ကလောင်ဆိုင်၏ အပေါက်ဝ ခုံတန်းလျားပေါ်တွင် ကိုပြာပေါက်က မိုးမိုးကို ထိုင်စောင့်နေရသည်။ သူ့အလို မိုးမိုးကို ချစ်သူဖြစ်အောင် လိုက်ရမှာ ဖြစ်ပါသည်။



ပျင်းပျင်းနှင့် ကိုပြာပေါက်က ဘေးနားရှိ ရုပ်ရှင်စာစောင်တစ်ခုကို လှမ်းဆွဲယူလိုက်သည်။ ၎င်း သတင်းတစ်ပုဒ်ကို တွေ့လိုက်ရသည်။ (အငြိမ့်မင်းသမီး ဒွေးပယ် ခင်ခင်မိုး ရုပ်ရှင်ရိုက်တော့မည်။)




ရုပ်ရှင်စတူဒီယိုထဲမှာ ဖြစ်သည်။ ကိုဝေလှိုင်က ခင်ခင်ရီးကို
ခေါ်ကာ၊ ရုပ်သေဓာတ်ပုံတချို့ကို ရိုက်ကူးလိုက်သည်။



(မြူးမြူးလေးရှာ ခင်ခင်ရီး၊ ပန်းခြံထဲ ပန်းကလေးကိုကိုင်
ထား၊ ရိုက်လိုက်ပြီ။ ကဲ ဒီတစ်ခါ မြက်ခင်းပေါ်မှာ ထိုင်လျက်
တစ်ပုံ ရိုက်မယ်။)




မင်းသား ကိုဆွေလွင် ကိုယ်တိုင်ကရေးတဲ့ဇာတ်ကို ရိုက်ပေးနေခြင်း
ဖြစ်သည်။ ကိုမြသောင်က ထောက်ပံ့ကြေးမှ ထိုကား ပေးလိုက်
ရသည်။



ကိုဆွေလွင်က ချီးကျူးနေသည်။ (ဦးဦးက တကယ် ကင်မရာ
တတ်တာပဲ။ ဒီ နောက်ပိုင်းတွေ ရိုက်ရအောင်၊ ဖာနာ၊ ဝါ
ဝါရီ ဖတ်ဖတ်မော လိုက်လိုက်။)



ယခုတော့ ကိုဖြူလေးဟာ ဘာသာရပ်မှ မေ့မေ့ပျောက်ရှိ ပြီ။
မှိုင်းမှိုင်းသွားလေရာ ရောက်မှ သမ်းဝေပါးစပ်ဖြင့် တကောက်ကောက်
ပါနေရာ၊ မင်းသမီး ထိန်ကြီး လိုလို ဖြစ်ရသည်။




ကိုဖြူလေး ထိုင်ရာမှ ထကာ စာကြည့်ခန်းထဲ လှည့်ပတ်
ကြည့်ရှုရင်း နံရံမှာ ချိတ်ထားသော ဓါတ်ပုံကားချပ်ကြီးများကို
တွေ့သွားသည်။ တိုးမှုန်း အင်မတန် ဒုက္ခသည်ပါသပါ။




(ဖြိုးက ခင်ပပကို သိလို့လားကွ။) သူ့ဘေးမှာ ဘယ်ကြားက
လှည့်ကြည့်လိုက်တော့ အသက်၆၀နှစ် လူကြီးတစ်ဦး...
(ဦးက ဒါရိုက်တာ ဦးဘတိုးတဲ့။)



(ဟုတ်ကဲ့ ဒီမင်းသမီးကိုတော့ မသိပါဘူးခင်ဗျာ။ ဒါပေမယ့် ဟိုမင်းသမီးက ကျွန်တော်သိတဲ့ ကောင်လေးရှာက တိုးမနဲ့ တူလွန်းလို့ပါ။)




လူကြီးက ကိုဟာလောင်စကားကို ဟားတိုက် ရယ်သည်
(ဆိုပပဆိုတာ အိုက်တိုးမပါလို့ ဖော်ရင်ရ)(ခင်ဗျာ




(အောဖေလကွာ၊ ဆက်ကာ ရောက်လာစတုန်းက ဝိုးမထဲ့၊
သူ့ကို ငါကပဲ ဖွဲ့ချီး အိမ်ဆောင်မင်းပေးပဲ တင်ခိုက်နေတာ၊
ဆိုပပဆိုတဲ့ ဟာ မည်ကိုးလို့ ငါပဲ ပေးနေတာ။)



ထိုလူကြီး၏ စကားများမှာ ကိုဗြာဆောင်၏ နှလုံးသားကို ပြောင်းပြန် ဆွဲလှန်လိုက်သကဲ့သို့ ရှိသည်။ (ဦးမြင့် အနု သုရောဇ်များ၊ တိုးမ အဲလ ခင်ပယ်ဘော။)




လူကြီးက သံဝေဂ ရသာန်ဖြင့် သက်ပြင်းချသည်။ (အင်း အနုပညာသမားတွေရဲ့ ဘဝင်မာနတွေပေါ့။ မောင်မြင့် ကျော်ကြားမှုမှာ ယစ်မူး ရူး ဆောက်တွေ လွှတ်လာတယ်




၊ ဆောက်ဆုံး အိုးကြီး

ဟာ သုံးခွဲလာတယ်လေ။ ကိုဝေလွင်နဲ့သူ့ လက်ထောက်တို့မှာ မူးယစ်ဆေးဝါးမှုနဲ့ ထောင်သုံးနှစ်ကျ သွားရှာတာပါ။



(မှာ၊ အခုလောက်ဆိုယင်တော့ လွတ်ချိန်တန်ပြီပေါ့။ တက်ကြွားမသား၊ ဖြင့်ကျွန်းလှလီ၊ ပျော့ကျအောက်ဆုံး ရှိနေကြတို့။)



ကိုမြာဟောင်း ဆောင်ရုံးခန်းကို ရောက်ရှိသွားသည်။
သို့သော် သူ တွေ့ချင်သူကို မတွေ့ရတော့ (ခင်ပပဆိုတာ
ဆောင်က ထွက်သွားတာ တစ်ပတ်လောက် ရှိပြီ။)



သူ စိတ်ပျက်လက်ပျက်ဖြင့် ပြန်လာခဲ့သည်။ ခင်ပပ
သို့မဟုတ်၊ တိုးမေ။ သူ့ဘဝထဲမှ ဝေးသထက်ဝေးအောင်
ပြေးနေဆဲရှိသော တိုးမေ သို့မဟုတ် ခင်ပပ။




ကိုပြာလော် အိမ်ကို ပြန်ရောက်သောအခါ၊ ပစ္စည်းများ သိမ်းဆည်းနေသော စိုးစိုးကို တွေ့ရလေသည်။ ( စိုးစိုး ဘာလုပ်နေတာလဲဟင်။)(မောင့် အစ်ကို့ ကိုတောင် မပြောရသေးဘူး။)




(စိုးစိုး အိမ်ပြောင်းတော့မလို့လေ။ ကိုပေလွင်က ပြောတယ်။ စိုးစိုး ဒီမှာနေလို့ မသင့်တော်ဘူးတဲ့။ မင်းလှား လမ်းက သူ့တိုက်မှာပဲ လာပြောင်းနေတဲ့။) ကိုပြာလော် ရင်ထဲမှာ နင့် နာ သွားသည်။



(ဆွေးသား မတော်တဲ့ တစိမ်းယောက်ျားတစ်ဦးဆီမှာချည်
သွားနေလို့ သင့်တော်ပါ့မလား စိုးစိုး)(ကိုဝေလွင်နဲ့ စိုးစိုး
ပြောဆင် လက်တယ်မို့ မိစဉ်ပြီးပါပြီအစ်ကို)



(ဆော်...ကလိုတောင်ရေနေမှကို ) သည်လောက် အရေးကြီးသည့် (
ကိစ္စကိုပင် စိုးစိုးသည်၊ သူ့ကို မတိုင်ပင်ဘဲ ဆုံးဖြတ်ခဲ့သည်။
မာမိုးပါယက ကိုပြာလောင်သည်၊ ဆ၀၀ယ် တရေးထားရော
ရှူ မဟုတ်ဆိုသော သဘော။



ထိုအချိန်ဝယ် သူတို့ အိမ်ပေါ်ကို ကိုဝေလွင် တက်လာ
သည်။ (မပြီးသေးဘူးလား ခင်ခင်မိုး၊ ပြီးယင် သွားကြ
ရအောင်၊ ကိုယ့်မှာ ကားပါလာတယ်။)




တဆိတ် ကိုဝေလွင်ခင်ဗျာ၊ ခင်ဗျားကို ကျွန်တော်တစ်ခု
တောင်းပန်ပါရစေ၊ ခင်ဗျား မိုးမိုးကို ခေါ်သွားရမှာပါ။
စိတ်ချပါ။ ခင်ဗျားဟာ ကျွန်တော့်ရင်ထဲက၊ ကျွန်တော့်
ဘဝထဲက မိုးမိုးကိုတစ်ခါတည်း အပြီးတိုင် ခေါ်သွားရ
တော့မယ့်လူတစ်ယောက်ပါ။)



ဒီတော့ ကျွန်တော့်ကို အရှင်းအရေးတစ်ခု ပေးပါလားဗျာ၊
မိုးမိုးကို ကျွန်တော်နေရာတစ်နေရာကို (အဲဒီလောက်ပြောပြ
ခေါ်သွားပါရစေ။) ကိုဖြာလောင်က တောင်းပန်လိုက်သည်။



(ဖြစ်ပါတယ် ကိုဖြာလောင်၊ ခင်ဗျားတို့ သွားချင်တဲ့နေရာ
ကို ကျွန်တော့်ကားနဲ့ လိုက်ပို့ပေးပါရစေ။)




ကိုမြှာဟောင် စိုးစိုးကို ခေါ်လာသည့် နေရာက သူတို့
ရှိပြီ၊ တောင်ထဲ မြိုင်ကာ နေထိုင်ခဲ့သည်၊ ကျူးကျော်
ရပ်ကွက်မှ တဲကလေးဆီသို့။ စိုးစိုးမှာ တောက်ပနေ
ထင်ရှားထားသော ဓာတ်မီးရောင်များနှင့် ရုတ်တရက်
သစ်ပင်ရှိသော တဲကလေးထဲ မဝင်ရဲဘဲ ရှိနေသည်။



(လာပါ စိုးစိုးရဲ့ မင်းနေခဲ့တဲ့ တဲလေးလေ မမှတ်မိ
တော့ဘူးလား ) ကိုမြှာဟောင် တဝင်း ခေါ်လာမှ
အထဲကို ဝင်လိုက်လာ၏။ ဖုံတလူလူနှင့် ပင့်ကူမျှင်များ
ယှက်ဖြာကာ၊ သူတို့တဲလေးသည်၊ ပြိုကျလုလု အခြေ
အနေ မြင်ရလေပြီ။



ကြိုးတန်းပေါ်မှာ လှမ်းထားသော သရက်ထည် လုံချည်လေးမှာ ရီဖွေး စွက်ပြောက်ချို့ နေလေပြီ။ (ဟိုမှာ မင်းတော်ဖို့ ပထမဆုံး ငါဝယ်ပေးခဲ့တဲ့ ချည်လုံချည်လေး ပေါ့ ဖွေးရှာ ရှာပြီ။)



(ပြီးတော့ မိုးမျှော်ကိုရော မင်း သတိရသေးလား။ အဖေါ်မရှိလို့ တဖေါ်လှည့်နေရတဲ့ မိုးမျှော်ကို မိုးမျှော်ထက် သာတဲ့ ငါရောက်လာတော့ မင်း မေ့ပစ်လိုက်တယ် မဟုတ်လား။)




(အခု ငါ့ထက်သာတဲ့ အပေါ်ကို မင်း ရပြန်တော့ မင်း
ငါ့ကို မိုးမျှော်လို့ပဲ မေ့ပစ်ခဲ့တာပဲ မဟုတ်လား။)
မိုးမိုး၏ မျက်လုံးအိမ်မှာ မျက်ရည်များ ရစ်ဝဲလာ၏
(မြို့တွေကို ပြောမနေပါနဲ့တော့ ဘယ်ကိုရယ်..)



ထိုအခိုက် လမ်းမပေါ်မှာ ရပ်ထားသော ကားပေါ်မှ
ဟွန်းကို တပွမ်ပွမ် တီးမြည်သံ ကြားရ၏ (ဟဲ့ သွားတော့
မိုးမိုး။ မင်းကို ကိုဝေလွင် ခေါ်နေပြီ။ မင်းကိုငါ နှုတ်ဆက်
လိုက်ပါတယ်။)




စိုးစိုးက ယုန်ရုပ်ကို လက်ဝါးဖြင့်ဆုပ်ကာ ပြေးထွက်သွားသည်။ တီထဲဝယ် ကိုမြာလော် တကောက်တည်းမြဲ ကျန်ခဲ့၍ သူ့မျက်လုံးများက တံခါးပေါက်တစ်ခုရှိနေရာသို့ ရောက်သွား၏။ သူ့ ဖင်းသားရုပ်ကလေး။



စိုးစိုးက သူ့ကိုယ်နှင့်မျှသာ ထားပါမည်ဟု မရမက တောင်းယူသွားသော ဖင်းသားရုပ်ကလေး။ စာခု ပင့်ကူမျှင် တလိမ်းလိမ်း ပုံမှာလိမ်းလိမ်းဖြင့်ချောင်ထိုး ထားခြင်း ခံနေရသော သူ့ဖားရုပ်ကလေးကို၊ ကိုမြာလော် ကောက်ယူလိုက်သည်။








(လွှမ်းတော်ရှုမို့ တကျော့စီတယ်။ တိမ်နီ။ တိမ်ဝါ။ တိမ်ပြာ
တွေ။ သနပ်ပါတော့။ ။ ဘယ်ဆီသို့ ။ ။ ဘယ်ဝယ်သို့ ။ ။ ။
တမ်းပါရမယ်။ လွှမ်းပါရမယ်။ ကြာပင်စိုင်ညိုး တော့တယ်)
ရုပ်ကြွက်ရှုံးမှ ကြောက်ကြီးစွာ ဘေးဝယ် ထိုင်၍
လှိုင်းတာလောင်း ဆူ ရုပ်သေးရုပ်လေးကို ပြီး ဆွဲနေသည်။
နိုးဖို့ မျှော်တော့သည်နှင့် သူတို့ ရွာ ရောသည့် ဝိုင်းကို
ပြန်တယ်နီးသည်။ ပြီးတော့ ရသာရှုလေးနှင့် တိုးမကို
ဘာရှာထွက်ပြီး ထိုးကြည့်သည်။



သူ့ကားပတ်ပတ်လည်မှာ ဝိုင်းအုံကြည့်ရှုနေသော လူ
အုပ်ကြီးရှိ၏။ ထိုလူအုပ်ထဲမှာ ပါမှာ တစ်ယောက်ကြီး နှင့်
အသိုးသမီးမှာ ကြည့်ရင်း မျက်လုံး အိမ်မှ မျက်ရည်များ
ရွှဲပါခဲ့၏။




ထိုအသိုးသမီးမှာ ထောင်မှ လွတ်ခဲ့ပြီးသော ဝတ်ိုးမမော်
ဒေါ်ပပ ဖြစ်သတဲ့။ ထောင်ထဲမှာ တော့ရှိသော ခုနှစ် နှစ်
ရှား၊ ရခဲ့သော ဒေါ်ရာက သူမ မျက်နှာအထိ ထော့လျက်
ခံခဲ့သတဲ့။ ပြီးတော့ ဆေးသုံးစွဲခံသည့်နော်၊ ထောင်ထဲမှာ
နေခဲ့ရသည့် နော်တို့မြင် သူ့ မျက်ရည်များ ဒေါ်ပပ ဟူ
မှတ်မိနိုင်စရာ မရှိတော့။



ဂြမ္ပစားရသော ရုပ်ရှင်လောကဝယ်၊ သည်လိုရယ်ရသည်နှင့် ပြန်လည် မရှင်သန်နိုင်တော့သော ခင်ပပသည်၊ မထင်မရှား ရယ်ကွက်လေးတစ်ခုဝယ် ဇာတ်မြှုပ် ကာ လာရောက် သိမ်းငှားနေခြင်း ဖြစ်သည်။ အသူ ကိုပြာလောင် ကို မြင်တွေ့ရပြန်ပြီ။




(မိုးအခါဝယ် × မိုးလာမယ် × မိုးလာမယ် × မိုးအခါဝယ် × ချစ်သူပန်ဖို့ရယ် × ရည်ရွယ်ကာ ထားခဲ့တယ် × × × ပန်းမျှော်ကြာရယ် × ကျုပ်ရည်းစားနဲ့ သာသာမောင် တောင်ကိုးကွယ်)



ကိုမြာလောင်သည် သူ့အရုပ်လေးများကို သိမ်းဆော
ထိုရွာမှ ကျောဦး ထွက်ခွာသွားလေသည်။
ခင်ပပသည် ကိုမြာလောင်ကို လှမ်းမခေါ်မိရန် သူ၏
နှုတ်ခမ်းများကို တင်းတင်း ကိုက်ထားမိသည်။ သူသ..
သည်ရုပ်ရည်နှင့် သူ' ကိုမြာလောင်ကို ရင်မဆိုင်ချင်
တော့ပါ။

ကိုမြာလောင်က မိုးလေးတဖွဲဖွဲထဲဝယ် လှမ်းလျှောက်
သွားရင်း သီချင်းလေးတစ်ပုဒ်ကိုပင်ညည်းညူ သွားလေသည်




ကာတွန်း
ကျုပ်ရည်းစားနဲ့ညားအောင်စောင့် ဦးကွယ်